မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

နေ့စဉ်ဈေးကွက်သတင်းလွှာ

May 12, 2026 Volume 102 , Number 7

၁၂ ၅. ၂၀၂၆

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၆၇.၀၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၅၀.၁၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၃၉.၁၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၅၁၅.၈၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၉.၀၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၉၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၁.၁၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၃၃.၈၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၈၀ ကျပ် |

CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၃၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

# ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပထမဆုံးဧပြီလတွင် ဆန်၊ ဆန်ကွဲတန်ချိန် ၁၆၀,၀၀၀ ကျော်တင်ပို့နိုင်



၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပထမဆုံး ဧပြီလအတွင်း ဆန်၊ ဆန်ကွဲတန်ချိန် ၁၆၉,၅၅၉ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ တင်ပို့နိုင်ခဲ့ကြောင်း မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်၏ ထုတ်ပြန်သော စာရင်းများအရ သိရ သည်။

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ဆန်တန်ချိန် သုံး သန်း တင်ပို့ရန် လျာထားခဲ့ပြီး ဆန်တန်ချိန် ၂ ဒသမ ၇ သန်း ကျော် ၂,၇၄၀,၇၃၉ တင်ပို့နိုင်ခဲ့ သည်။

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပထမလတွင် ဆန်တန်ချိန် ၁၆၉,၅၅၉ ကျော်၊ ၂၀၂၅-၂၀၂၆ ဧပြီလတွင် ၁၄၂,၇၈၈၊ ၂၀၂၄-၂၀၂၅ ဧပြီလတွင်၁၁၁,၈၆၂ တန် တင်ပို့ခဲ့ရာ သုံးနှစ်အတွင်း ယခုနှစ် ဧပြီလတွင် အများဆုံးတင်ပို့နိုင်ခဲ့ခြင်းဖြစ်သည်။

ယခုဘဏ္ဍာနှစ် ပထမဧပြီလတွင် ဆန်တန်ချိန် ၈၁,၁၄၂ တန်၊ ဆန်ကွဲတန်ချိန် ၈၈,၄၁၇ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုတစ်မျိုးတည်းက တင်ပို့ခဲ့ခြင်းဖြစ်သည်။

ဧပြီလတွင် ဆန်တင်ပို့မှုကုမ္ပဏီ ၄၄ ခုမှ နိုင်ငံပေါင်း ၂၁ နိုင်ငံသို့ တင်ပို့ခဲ့ရာ မာဒါဂတ်စ်ကာနိုင်ငံက တန်ချိန် ၂၀,၀၀၀ ဖြင့် ပထမအများဆုံးဝယ်ယူခဲ့ပြီး ဖိလစ်ပိုင်နိုင်ငံက ဒုတိယ ၁၉,၈၅၈ တန် ဝယ်ယူပြီး တရုတ်နိုင်ငံက ၁၂,၃၀၉ တန်ဖြင့် တတိယအများဆုံး ဝယ်ယူခဲ့သည်။

ဆန်ကွဲကို တရုတ်နိုင်ငံက အများဆုံးဝယ်ယူပြီး ဘယ်လ်ဂျီယံ၊ စပိန်၊ ပိုလန်၊ အီတလီ နိုင်ငံတို့က အသီးသီးဝယ်ယူလျက်ရှိသည်။

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ၁၂ လတာကာလအတွင်း ဆန်၊ ဆန်ကွဲ တန်ချိန် ၂,၇၄၀,၇၃၉ တန် အမေရိကန်ဒေါ်လာ ၈၆၁ မီလီယံတန်ဖိုးကို ပို့ကုန်အဖြစ် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

**Source : မကွေးဂျာနယ်**

## နေပြည်တော်ရှိ မြို့နယ်အချို့၌ ဘဲမွေးမြူရေးလုပ်ကိုင်သူများ အဆင်ပြေ



နေပြည်တော်ကောင်စီနယ်မြေ၊ လယ်ဝေးနဲ့ပျဉ်းမနားမြို့နယ်တွေမှာ ရွှေ့ပြောင်းစနစ်နဲ့ ဘဲမွေးမြူရေးလုပ်ကိုင်သူတွေ ပိုမိုအဆင်ပြေမှုရှိတယ်လို့ ရွှေ့ပြောင်းဘဲမွေးမြူရေးလုပ်ကိုင်သူတွေဆီက သိရပါတယ်။

နေပြည်တော်အတွင်းရှိ ဒေသအချို့မှာ နွေစပါးခင်းတွေ ရိတ်သိမ်းပြီးချိန် စပါးခင်းတွေထဲမှာ ဘဲတွေ လွှတ်ကျောင်းမွေးမြူတာက အစာစရိတ်သက်သာပြီး အကျိုးအမြတ်တွေရရှိတယ်လို့ လယ်ဝေးမြို့နယ်က ဘဲမွေးမြူရေး လုပ်ကိုင်သူတစ်ဦးက ပြောပါတယ်။

ဘဲမွေးမြူရာမှာ လယ်ကွင်းတွေမှာ လွှတ်ကျောင်းရတဲ့အတွက် ဘဲပျောက်မှာတော့ ဂရုစိုက်ရတယ်လို့ ဆိုပါတယ်။

အခုလက်ရှိမှာ ဘဲမွေးမြူရေးလုပ်ကိုင်သူတွေဟာ ဘဲအကောင်ရေ တစ်ထောင့်ငါးရာလောက် မွေးမြူကြလေ့ရှိပြီး မနက်၇ နာရီကနေ စတင်လွှတ်ကျောင်းကြတာပါ။ညနေပိုင်းမှာပြန်လည်ခေါ်ဆောင်ပြီးနောက် နေအိမ်ခြံဝင်းမှာ ဖြည့်စွက်အစာကျွေးတာနဲ့ ရေတိုက်တာတွေ လုပ်ဆောင်ရပါတယ်။ ဖြည့်စွက်စာကျွေးတဲ့အတွက် ဘဲဥတွေကြီးထွားပြီး ဘဲဥ ဥချိန်သက်တမ်းလည်းပိုရှည်တယ်လို့ ဆိုပါတယ်။

ဒါ့ပြင် လယ်ယာမြေတွေမှာ လွှတ်ကျောင်း ဘဲမွေးမြူတာကြောင့် လယ်ပိုင်ရှင်တွေအတွက် ဘဲတွေရဲ့ စွန့်ပစ်အညစ်အကြေးတွေက သဘာဝမြေသြဇာအဖြစ် အကျိုးပြုတယ်လို့ သိရပါတယ်။

**Source:** https://onenewstvchannel.com/

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၄-၅-၂၀၂၆ မှ ၈-၅-၂၀၂၆ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ပဲနှင့်အခြားကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲ(တစ်တန်)ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2026 Crop) ကျပ် ၃,၀၈၈,၀၀၀၊ မတ်ပဲ SQ/RC (2026 Crop) ကျပ် ၃,၄၂၃,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2026 Crop) ကျပ် ၃,၀၃၂,၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲ FAQ/RC (2026 Crop)ကျပ် ၁,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2026 Crop) ကျပ် ၂၆,၀၀၀ အသီးသီးဈေးမြင့်တက်ခဲ့ပြီး မတ်ပဲ SQ/RC (2026 Crop)မှာ ကျပ် ၁၃၀၀၀ ဈေးကျဆင်းခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/RC(2026 Crop) ကွန်တိန်နာ ၁၃၀ လုံး (တန်ချိန် ၃၁၂၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/RC (2026 Crop) ကွန်တိန်နာ ၂၇၅ လုံး (တန်ချိန် ၆၆၀၀) နှင့် ပဲစင်းငုံ Red/ RC(2026 Crop) ကွန်တိန်နာ ၂၀ လုံး (တန်ချိန် ၄၈၀) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲ FAQ/RC(2026 Crop) ကွန်တိန်နာ ၁၄၅ လုံး (တန်ချိန် ၃၄၈၀) နှင့် ပဲစင်းငုံ Red/ RC (2026 Crop) ကွန်တိန်နာ ၂၀ လုံး (တန်ချိန် ၄၈၀) ပိုမိုဝင်ရောက် ခဲ့ကြောင်းသိရသည်။

**ငရုတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ငရုတ်သီး ( တစ်ပိဿာ ) ဈေးနှုန်းများမှာ ပန်းရဲငရုတ် (သစ်) AC ကျပ် ၁၄,၀၀၀၊ မြားနီ(သစ်) ကျပ် ၁၅,၅၀၀ ၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၂၉,၅၀၀ ၊ဟသာ်္တ မိုးထောင် ကျပ် ၁၃,၅၀၀ နှင့် မြစ်ဝ(ပု) ကျပ်

၂၆၅၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ပန်းရဲရှေ (သစ်) AC ကျပ် ၁၀၀၀၊ မြားနီ(သစ်) ကျပ် ၅၀၀ နှင့် ဟသ်ာတ မိုးထောင် ကျပ် ၁၀၀၀ အသီးသီးဈေးကျဆင်းခဲ့ပြီး ဆင်ဖြူကျွန်း (ပု) ကျပ် ၅၀၀ နှင့် မြစ်ဝ(ပု) ကျပ် ၅၀၀ အသီးသီး ဈေးမြင့်တက်ခဲ့သည်။ ကုန်စည်ဒိုင်သို့ ယခင်အပတ်က ဧရာ်ရှည် အိတ်ပေါင်း ၅၀၀၀ (၁၀၀,၀၀၀ ပိဿာ) နှင့် ဧရာ်ပုအိတ်ပေါင်း ၃၀၀ (၄,၅၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ဧရာ်ရှည်အိတ်ပေါင်း ၉၀၀၀ (၁၈၀,၀၀၀ ပိဿာ) နှင့် ဧရာ်ပု အိတ်ပေါင်း ၃၅၀ (၅,၂၅၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ဧရာ်ရှည်အိတ်ပေါင်း ၄၀၀၀ (၈၀,၀၀၀ ပိဿာ) နှင့် ဧရာ်ပုအိတ်ပေါင်း ၅၀ (၇၅၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီးပွင့်ကပ်(သစ်) ကျပ် ၅၀၀၀ နှင့် မန်ကျည်းအသား(သစ်) ကျပ် ၇၅၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းသီးများ ဈေးငြိမ်လျက်ရှိသည်။

**ထန်းလျက်၊ ကြံသကာနှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့် သကြား(တစ်ပိဿာ) ဈေးနှုန်းများမှာ တောင်သာမလိုင်(ဒိုး) ကျပ် ၄၆၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၆၄၀၀၊ ပခုက္ကူကြိမ်း (သစ်)ကျပ် ၄၈၀၀၊ ကြံသကာ ကျပ် ၄၀၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၄၃၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း တောင်သာမလိုင်(ဒိုး) ကျပ် ၁၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၁၀၀ နှင့် ပခုက္ကူကြိမ်း (သစ်)ကျပ် ၁၀၀ အသီးသီးဈေးကျဆင်းခဲ့ပြီး ကျန်အမျိုးအစားများမှာဈေးငြိမ် လျက်ရှိသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၄-၅-၂၀၂၆ မှ ၈-၅-၂၀၂၆ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့်အာလူးဈေးနှုန်းများ

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့် မြင်းခြံမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၂၂၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၂၃၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၂၂၀၀ ၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၇၀၀ ၊ မုံရွာသစ်ရှယ် ကျပ် ၂၂၀၀ ၊ မုံရွာလတ်ကြီး ကျပ် ၂၃၀၀ ၊ မုံရွာလတ်သန့် ကျပ် ၂၂၀၀ နှင့် မုံရွာလတ်ချော ကျပ် ၁၇၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆိပ်ဖြူရှယ် ကျပ် ၅၀ ၊ ဆိပ်ဖြူလတ်သန့် ကျပ် ၅၀၊ မုံရွာသစ်ရှယ် ကျပ် ၅၀ နှင့် မုံရွာလတ်သန့် ကျပ် ၅၀ အသီးသီးဈေးမြင့်တက်ခဲ့ပြီး ဆိပ်ဖြူလတ်ကြီး ကျပ် ၅၀ ၊ ၊ဆိပ်ဖြူလတ်ချော ကျပ် ၁၀၀၊ မုံရွာလတ်ကြီး ကျပ် ၅၀ နှင့် မုံရွာလတ်ချော ကျပ် ၁၀၀ အသီးသီးဈေးကျဆင်းခဲ့သည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီ ဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၇၆ စီး (၄၅၆,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၃၉ စီး (၈၃၄,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၆၃ စီး ( ၃၇၈,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်မြို့နှင့်အောင်ပန်းမြို့တို့မှကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်(ရှယ်) ကျပ် ၁၄၅၀၀၊ အောင်ပန်းထူး -၂ ကျပ် ၄၅၀၀၊ အောင်ပန်းထူး-၃ ကျပ် ၅၅၀၀ ၊ အောင်ပန်းထူး-၄ ကျပ် ၆၅၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၇၅၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြူကုတ် (ရှယ်) ကျပ် ၁၀၀၀ ဈေးမြင့်တက်ခဲ့ပြီး ကျန် ကြက်သွန်ဖြူများ ဈေးငြိမ်လျက်ရှိသည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူ အိတ်ရေ ၂၁၀၀ (၆၃,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ်ရေ ၂၁၀၀ (၁၇၈,၅၀၀

ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ် ၃၈၅၀ (၁၁၅,၅၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**အာလူး**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ အောင်ပန်းမြို့မှ အာလူးများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ အာလူး (တစ်ပိဿာ) ဈေးနှုန်းများမှာ အောင်ပန်း A1 ကျပ် ၁၅၀၀၊ အောင်ပန်း OK ကျပ် ၂၁၀၀၊ အောင်ပန်း S1 ကျပ် ၂၁၀၀ နှင့် အောင်ပန်း S2 ကျပ် ၁၈၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း အောင်ပန်း A1 ကျပ် ၅၀ အောင်ပန်း OK ကျပ် ၁၀၀၊ အောင်ပန်း S1 ကျပ် ၁၀၀ နှင့် အောင်ပန်း S2 ကျပ် ၁၀၀ အသီးသီးဈေးမြင့်တက်ခဲ့သည်။ ကုန်စည်ဒိုင်သို့ အာလူးဝင်ရောက်မှုမှာ ယခင်အပတ်က အာလူးကားစီးရေ ၁၆ စီး (၉၆,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီးယခုအပတ်တွင် အာလူးကားစီးရေ ၅၉ စီး ( ၃၅၄,၀၀၀ ပိဿာ ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် အာလူးကားစီးရေ ၄၃ စီး (၂၅၈,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## လျှပ်စစ်မီးအခက်အခဲကြောင့် တရုတ်ထုတ်ပါဝါစတေရှင်တွေနဲ့ လုပ်ငန်းလည်ပတ်နေရဟုဆို




လျှပ်စစ်မီးလာချိန်နည်းသွားသောကြောင့် ကွန်ပျူတာမဖြစ်မနေ အသုံးပြုရသည့်အသေးစားစက်မှုလက်မှုလုပ်ငန်းရှင်တွေအနေနဲ့ တရုတ်နိုင်ငံထုတ် Power Station များဖြင့် လုပ်ငန်းလည်ပတ်နေရကြောင်း သိရပါတယ်။

Inverter နှင့် Battery တွဲသုံးစနစ်၊ Solar စနစ်စသည့် ငွေကြေးအမြောက်အမြားသုံးစွဲရသည့်စနစ် အသုံးပြုရန် အခက်အခဲရှိသူများက တရုတ်နိုင်ငံထုတ် Power Station များဖြင့်သာ လုပ်ငန်းလည်ပတ်နေကြရကြောင်း ဒေသခံလုပ်ငန်းရှင်တစ်ဦးက ပြောပါတယ်။

"ကွန်ပျူတာ အနည်းအကျဉ်းလောက် မဖြစ်မနေသုံးရရင် Power Station က အဆင်ပြေဆုံးပဲ၊ ဈေးနှုန်းအရရော၊ သုံးရတဲ့နည်းပညာအရရော Power Station က အဆင်ပြေဆုံးပဲ၊ ဈေးကွက်ထဲမှာ တရုတ်ထုတ် အမှတ်တံဆိပ်အမျိုးမျိုးရှိတယ်၊ ကြိုက်ရာရွေးဝယ်ရုံပဲ၊ တရုတ်ပစ္စည်းက ဈေးနှုန်းသင့်တယ်၊ အခုနောက်ပိုင်း Quality လည်းတက်လာတော့ လုပ်ငန်းထဲက လျှပ်စစ်ပစ္စည်းမှန်သမျှ တရုတ်ပစ္စည်းတွေပဲသုံးတော့တယ်"လို့ ၎င်းကပြောပါတယ်။

Inverter နှင့် Battery တွဲသုံးစနစ်၊ Solar စနစ် စသည့်လျှပ်စစ်မီးအစားထိုးစနစ်များရှိသော်လည်း စရိတ်ကြီးမြင့်မှုနှင့် နောက်ဆက်တွဲဖြစ်ပေါ်လာနိုင်သည့်အန္တရာယ်အချို့တို့ကြောင့် လုပ်ငန်းရှင်အများစုက တရုတ်နိုင်ငံထုတ် Power Station များကိုသာ အသုံးပြုလိုကြကြောင်း သိရပါတယ်။

မန္တလေးလျှပ်စစ်ပစ္စည်းဈေးကွက်အတွင်း နိုင်ငံစုံအမှတ်တံဆိပ်အမျိုးမျိုးဖြင့်လာသည့် Power Station အမျိုးမျိုးရှိသော်လည်း၊ ဈေးနှုန်းမျှတပြီး အရည်အသွေးကောင်းမွန်လာသည့် တရုတ်နိုင်ငံထုတ်များသာ လူသုံးများကြောင်း၊ အသုံးပြုနိုင်သည့်ဗို့အားအလိုက် တန်ဖိုး ၁၅၀,၀၀၀ ကျပ် ဝန်းကျင်မှ ၁၀သိန်း ကျပ်ဝန်းကျင်အထိဈေးရှိပြီး၊ ကျပ် ၂၅၀,၀၀၀ ဝန်းကျင်တန် Power Station များ အရောင်းအဝယ် ပိုဖြစ်ကြောင်း လျှပ်စစ်ကုန်မာပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းရှင်များက ဆိုပါတယ်။

တစ်ရက်လျှင် လျှပ်စစ်မီးအသုံးပြုခွင့်ရချိန် လျော့ကျသွားပြီးနောက်ပိုင်း ကွန်ပျူတာမဖြစ်မနေအသုံးပြုရသည့် အသေးစားစက်မှုလက်မှုလုပ်ငန်းများအနေဖြင့် လုပ်ငန်းလည်ပတ်နိုင်ရန် လျှပ်စစ်မီးအစားထိုးစနစ်များ မဖြစ်မနေ အသုံးပြုလာရကြောင်း သိရပါတယ်။

**Source : https://opinionleadersmedia.com/**

## ဂျပန်နိုင်ငံသည် မေလကုန်တွင် ရုရှားနိုင်ငံသို့ စီးပွားရေးကိုယ်စားလှယ်အဖွဲ့စေလွှတ်ရန် စီစဉ်ထား

ဂျပန်အစိုးရသည် စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနဦးဆောင်သော စီးပွားရေးကိုယ်စားလှယ်အဖွဲ့ကို မေလ ၂၆ ရက်မှ ၂၇ ရက်အထိ ရုရှားနိုင်ငံသို့ စေလွှတ်ရန်စီစဉ်နေကြောင်း ကျိုဒိုသတင်းအေဂျင်စီက ဖော်ပြသည်။

အလားအလာရှိသောပါဝင်သူများသည် အဓိကကုမ္ပဏီများဖြစ်သော Mitsui, Mitsui O.S.K.Lines နှင့် Mitsubishi ကော်ပိုရေးရှင်းများကိုယ်တိုင်ဖိတ်ကြားချက်ကို လက်ခံရရှိကြောင်းအတည်မပြုရသေးသော်လည်း၊ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ စေလွှတ်ရန် စိတ်ကူးကို ရုရှားနိုင်ငံသို့ ဂျပန်စီးပွားရေးလုပ်ငန်းများ သတိကြီးစွာထားလုပ်ဆောင်မှု၏ နောက်ကွယ်တွင် ဆွေးနွေးလျက်ရှိသည်။ မေလအစောပိုင်းတွင် Taiyo Oil သည် တစ်နှစ်အတွင်း ရုရှားနိုင်ငံသို့ ၎င်း၏ပထမဆုံးရေနံတင်ပို့မှုကို ဝယ်ယူခဲ့သည်။ ရေနံတင်သင်္ဘော Voyager သည် Shikoku ကျွန်းပေါ်တွင်တင်ဆောင်ပြီးနောက် မေလ ၈ ရက်က တိုကျိုပင်လယ်အော်သို့ ရောက်ရှိလာခဲ့သည်။

အေဂျင်စီ၏ အဆိုအရ၊ အလားအလာရှိသောခရီးစဉ်အတွင်း ရုရှားရေနံဝယ်ယူရေးပြဿနာကိုပေါ်ပေါက်စေနိုင်ကြောင်း အေဂျင်စီက ပြောကြားခဲ့သည်။

ယူကရိန်းပဋိပက္ခပြီးဆုံးပြီးနောက်တွင် ဂျပန်စီးပွားရေးလုပ်ငန်းများသည် ရုရှားတွင် ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်မှုကိုတိုးမြှင့်လာစေရန် မျှော်လင့်ရသည်။

သို့သော်လည်း ဂျပန်တာဝန်ရှိသူများက အဆိုပါအချက်အလက်များကို ငြင်းဆိုခဲ့သည့် ကက်ဘိနက်အတွင်းဝန်ချုပ် Minoru Kihara နှင့် နိုင်ငံခြားရေးဝန်ကြီး Toshimitsu Motegi တို့က စီစဉ်ထားသော ကိုယ်စားလှယ်အဖွဲ့၏အစီရင်ခံစာများသည် မမှန်ကြောင်းပြောကြားခဲ့သည်။

တစ်ချိန်တည်းတွင် LDP လွှတ်တော်အမတ် Muneo Suzuki ၏ မကြာသေးမီက ရုရှားနိုင်ငံသို့ လာရောက်လည်ပတ်မှုကြောင့် အဆက်အသွယ်များပြန်လည်စတင်ရန် စိတ်ဝင်စားမှုမြင့်တက်လာသည်။

**Source:** https://www.angi.ru

**(အောင်ဖြိုးထွဋ်၊ စီးပွားရေးသံမှူး၊ မော်စကိုမြို့)**

## ဂျပန်နိုင်ငံသည် ယူအေအီးနိုင်ငံထံမှ ရေနံစိမ်းစည်ပေါင်း ၂၀ သန်းထပ်မံဝယ်ယူမည်

ဂျပန်နိုင်ငံသည် ဟော်မုဇ်ရေလက်ကြားပိတ်ဆို့မှုကို ရှောင်လွှဲနိုင်ရန်အတွက် အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီးနိုင်ငံ) ထံမှ နောက်ထပ် ရေနံစိမ်းစည်ပေါင်း ၂၀ သန်းဝယ်ယူရန် သဘောတူညီခဲ့ကြောင်း The Nikkei Asia အွန်လိုင်းသတင်းတွင် “Japan to buy another 20m barrels of UAE oil to bypass Hormuz blockade” ခေါင်းစဉ်ဖြင့် ဖော်ပြခဲ့သည်။

အဆိုပါသတင်းတွင် ကမ္ဘာ့ကုန်သွယ်ရေးလမ်းကြောင်းတွင်အရေးပါသည့် ဟော်မုဇ်ရေလက်ကြားမှ ဖြတ်သန်း၍ ကုန်စည်များသယ်ယူပို့ဆောင်ရန် ခက်ခဲလျက်ရှိသည့်အတွက် ဂျပန်နိုင်ငံသည် ဟော်မုဇ်ရေလက်ကြားကို ဖြတ်သန်းရန်မလိုဘဲ ရေနံထောက်ပံ့ပို့ဆောင်နိုင်မည့် အခြားသောလမ်းကြောင်းများကို ရှာဖွေလျက်ရှိကြောင်း၊ ဂျပန်နိုင်ငံသည် ယူအေအီးနိုင်ငံထံမှ ရေနံစိမ်းစည်ပေါင်း ၂၀ သန်းထပ်မံဝယ်ယူရန်သဘောတူညီခဲ့ကြောင်း၊ အဆိုပါသဘောတူညီချက်သည် ဂျပန်နိုင်ငံ၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး Ryosei Akazawaနှင့် ယူအေအီးနိုင်ငံ၊ စက်မှုဝန်ကြီးတို့သည် ယူအေအီးနိုင်ငံ၊ အဘူဒါဘီမြို့တွင် တွေ့ဆုံဆွေးနွေးပြီးနောက်ပေါ်ထွက်လာခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

ဂျပန်နိုင်ငံသည် ရေနံစိမ်းတင်သွင်းမှု စုစုပေါင်း၏ ၄၀ ရာခိုင်နှုန်းခန့်ကို ယူအေအီးနိုင်ငံမှ တင်သွင်းလျက်ရှိကြောင်း၊ အရှေ့အလယ်ပိုင်းဒေသနိုင်ငံတစ်ခုဖြစ်သည့် ယူအေအီးနိုင်ငံသည် ရေနံတင်ပို့သည့်နိုင်ငံများအဖွဲ့ထံမှ နုတ်ထွက်ခဲ့ပြီး ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ရေနံထုတ်လုပ်မှုကို တစ်ဖြည်းဖြည်းချင်းတိုးမြှင့်သွားရန် ရည်ရွယ်ထားကြောင်း၊ သို့ဖြစ်ရာ ဂျပန်နိုင်ငံနှင့် ပိုမို

ပူးပေါင်းဆောင်ရွက်နိုင်မည့် လမ်းစဖြစ်လာနိုင်ကြောင်း ဖော်ပြထားသည်။

ဂျပန်နိုင်ငံသည် ၂၀၂၅ ခုနှစ်အတွင်း တစ်ရက်လျှင် ပျမ်းမျှရေနံစိမ်းစည်ပေါင်း ၂ ဒသမ ၃၆ သန်း အသုံးပြုခဲ့သည်ဟု ဂျပန်နိုင်ငံ၊ စီးပွားရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ကြောင်း၊ သို့ဖြစ်ရာ ယူအေအီးနိုင်ငံထံမှ ယခုဝယ်ယူမည့်ပမာဏသည် ၂၀၂၅ ခုနှစ်အတွင်း ဂျပန်နိုင်ငံအနေဖြင့် နေ့စဉ်ပျမ်းမျှအသုံးပြုခဲ့သည့် ရေနံစိမ်းအသုံးပြုမှုနှုန်းကို အခြေခံ၍ တွက်ချက်မည်ဆိုပါက ပြည်တွင်းတွင် ပျမ်းမျှ ၈ ရက်မှ ၉ ရက်အထိအသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ ယူအေအီးနိုင်ငံအရှေ့ဘက်ကမ်းရိုးတန်းရှိ Fujairah ဆိပ်ကမ်းသည် အိုမန်ပင်လယ်ကွေ့ပေါ်တွင်တည်ရှိသောကြောင့် ဟော်မုဇ်ရေလက်ကြားကိုဖြတ်သန်းရန်မလိုဘဲ ရေနံစိမ်းများ တင်ပို့နိုင်ကြောင်း ဖော်ပြထားသည်။

ဂျပန်နိုင်ငံသည် ယခုကဲ့သို့ရေနံစိမ်းဝယ်ယူရရှိနိုင်မည့် နိုင်ငံများပြောင်းလဲလုပ်ဆောင်မှုများသည် အရှေ့အလယ်ပိုင်းဒေသအတွင်း တည်ငြိမ်မှုများအပေါ် များစွာမူတည်လျက်ရှိကြောင်း၊ ပြီးခဲ့သည့် တနင်္လာနေ့ကလည်း Fujairah ရှိ ရေနံသိုလှောင်ရုံများကို အီရန်နိုင်ငံက ဒရုန်းဖြင့် တိုက်ခိုက်ခဲ့သည်ဟု အာရပ်စော်ဘွားများပြည်ထောင်စု၏ အာဏာပိုင်များက ပြောကြားခဲ့ကြောင်း၊ ဂျပန်နိုင်ငံသည် ရေနံလိုအပ်ချက်၏ ၉၀ ရာခိုင်နှုန်းကျော်ကို အရှေ့အလယ်ပိုင်းဒေသမှ တင်သွင်းနေရခြင်းဖြစ်ရာ လက်ရှိဖြစ်ပွားနေသည့်အခြေအနေများကြောင့် ပြည်တွင်းတွင် လောင်စာဆီလိုအပ်ချက်ဖူလုံစေရန် အခြားသော ရေနံထုတ်လုပ်ထွက်ရှိသည့်နိုင်ငံများထံမှ ဝယ်ယူရရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြထားသည်။

ဂျပန်နိုင်ငံသည် မက္ကဆီကိုနိုင်ငံထံမှ ရေနံစိမ်းစည်ပေါင်း ၁ သန်းဝယ်ယူရန် ပြီးခဲ့သည့်လအတွင်း သဘောတူညီချက်ရရှိခဲ့ကြောင်း၊ ဂျပန်နိုင်ငံအနေဖြင့် ယခုလအတွင်းပြည်တွင်းသုံးစွဲမှုအတွက် လိုအပ်သည့်လောင်စာဆီပမာဏ၏ ၆၀ ရာခိုင်နှုန်းခန့်ကို ဟော်မုဇ်ရေလက်ကြားကို ဖြတ်သန်းရန် မလိုသောလမ်းကြောင်းများမှ တင်သွင်းမည်ဖြစ်ပြီး ကျန်ရှိသော ၄၀ ရာခိုင်နှုန်းကိုပြည်တွင်းတွင် အရန်အဖြစ် သိုလှောင်ထားရှိသည့် လောင်စာဆီများမှ ထုတ်ယူသုံးစွဲမည်ဟု အစိုးရက ထုတ်ပြန်ထားကြောင်း ဖော်ပြထားသည်။

**Source:** https://asia.nikkei.com/business/markets/commodities/japan-to-buy-another-20m-barrels-of-uae-oil-to-bypass-hormuz-blockade

**(ရွှေစင်ဦး၊ စီးပွားရေးသံမှူး၊ တိုကျိုမြို့)**

## STOCK EXCHANGE (12.5.2026)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 12th May, 2026

Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 83,069 (Shares) | 493,532,800 (MMK) |

Stock trading

| Name | Code | Close | Change | %Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 13,500 | +0 | +0.00% | 14,000 | 14,000 | 13,500 | 2,087 | 28,175,000 | 33,109,694 | 446,981 |
| MTSH | 00002 | 6,300 | +0 | +0.00% | 6,300 | 6,400 | 6,300 | 16,636 | 105,608,400 | 38,929,150 | 245,254 |
| MCB | 00003 | 9,400 | -100 | -1.05% | 9,400 | 9,400 | 9,400 | 1,650 | 15,510,000 | 10,400,986 | 97,769 |
| FPB | 00004 | 4,400 | +100 | +2.33% | 4,200 | 4,400 | 4,200 | 2,054 | 8,872,000 | 31,144,738 | 137,037 |
| TMH | 00005 | 3,250 | +0 | +0.00% | 3,250 | 3,250 | 3,250 | 3 | 9,750 | 12,823,224 | 41,676 |
| EFR | 00006 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,750 | 6,539 | 11,443,250 | 19,977,223 | 34,960 |
| AMATA | 00007 | 3,950 | +0 | +0.00% | 3,950 | 3,950 | 3,950 | 36 | 142,200 | 10,497,598 | 41,466 |
| MAEX | 00008 | 4,100 | +0 | +0.00% | 4,100 | 4,100 | 4,100 | 322 | 1,320,200 | 23,804,946 | 97,600 |

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 12th May, 2026

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 602.44 | +1.10 | +0.18% | 608.43 | 608.43 | 599.15 | 29,327 | 171,080,800 | 8 | 1,142,743 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 12th May, 2026

| Trading Volume | Trading Value |
|---|---|
| 83,545 (Shares) | 498,761,650 (MMK) |

### Main Board

As of 1:00 pm, 12th May, 2026

Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 83,069 (Shares) | 493,532,800 (MMK) |

| MYANPIX | 602.44 ▲ 1.10 |
|---|---|
| Total Volume (shares) | 29,327 |
| Total Value (MMK) | 171 mil |
| Listed Company | 8 |
| Market Cap. (MMK) | 1,142,743 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 13,500 | ▲ 0 |
| MTSH | 00002 | 6,300 | ▲ 0 |
| MCB | 00003 | 9,400 | ▼ 100 |
| FPB | 00004 | 4,400 | ▲ 100 |
| TMH | 00005 | 3,250 | ▲ 0 |
| EFR | 00006 | 1,750 | ▲ 0 |
| AMATA | 00007 | 3,950 | ▲ 0 |
| MAEX | 00008 | 4,100 | ▲ 0 |

TIR